ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်
Established in 1957
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၈ ရက်၊ စနေနေ့ (25-1-2014) (၇၇၃၆)

**ထူးခြားသည့်ညအပူချိန်များ**

| | | |
|---|---|---|
| လွိုင်လင် | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၅ | ဒီဂရီစင်တီဂရိတ် |

**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# နိုင်ငံတကာသတင်းဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် ဆက်သွယ်စုံစမ်းအတည်ပြုထားသောသတင်းများကိုသာ ထုတ်ပြန်သင့်

## သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြည်ပသတင်းဌာနများနှင့် အချို့သော နိုင်ငံတကာ အဖွဲ့အစည်းများက အတည်မပြုနိုင်သော သတင်းများကို အခြေခံလျက်လွဲမှားစွာ ကောက်ချက်ချပြီး သတင်းများထုတ်ပြန်နေသည်ကို တွေ့ရှိရပါသည်။ ဤသတင်းမှားများ၊ စွပ်စွဲပြောဆိုချက်များသည် ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်းနှစ်ခုအကြား အထင်အမြင် လွဲမှားစေရန် ပုံကြီးချဲ့ဖန်တီးပြောကြားလုပ်ဆောင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းသတင်းမှားများ စွပ်စွဲပြောဆိုချက်များမှာ သက်ဆိုင်ရာ အစိုးရဌာနများမှ တာဝန်ရှိသူများအား စုံစမ်းမေးမြန်းခြင်း၊ အတည်ပြုချက် ရယူခြင်းများမရှိဘဲ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်သည့် ဖြစ်ရပ်မှန်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် ညပိုင်းတွင် အဖွဲ့ဝင်(၅)ဦးပါသည့် ရဲလှည့်ကင်းအဖွဲ့သည် ပုံမှန်လှည့်ကင်းတာဝန်ထမ်းဆောင်စဉ် မောင်တောမြို့နယ် ဒူချီးရားတန်း(အလယ်)ရွာအရောက်၌ တုတ်၊ ဓားကိုင်ဆောင်ထားသည့် ဘင်္ဂါလီအုပ်စုအင်အား (၁၀၀)ခန့်မှ ဝိုင်းဝန်းရန်မူမှုကို ခံခဲ့ရသဖြင့် လူစခွဲရှောင်ပေးခဲ့သည်။ ယင်းသို့ လူစခွဲတိမ်းရှောင်စဉ် ရဲလှည့်ကင်းအဖွဲ့ခေါင်းဆောင်မှာ လူစုကွဲ၍ ကျန်ရစ်ခဲ့ပြီး ၎င်းကိုင်ဆောင်သော လက်နက်နှင့်အတူ ယနေ့တိုင် ပျောက်ဆုံးလျက်ရှိပါသည်။ နယ်မြေခံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အင်အားစုစည်းပြီး ယင်းလူစုကွဲပျောက်ဆုံးကျန်ရစ်ခဲ့သူအား ပြန်လည်ရှာဖွေရန် ၎င်းကျေးရွာသို့ ထပ်မံသွားရောက်ခဲ့ရာတွင် တုတ်၊ ဓားကိုင်ဆောင်ထားသည့် ဘင်္ဂါလီအုပ်စုအင်အား(၅၀၀)ကျော်၏ ဝိုင်းဝန်းရန်မူမှုကို ခံခဲ့ရသည်။ အကြမ်းဖက်လူအုပ်စုသည် အန္တရာယ်ပြုရန် ချဉ်းကပ်လာသည့်အတွက် မိမိဘက်မှ သေနတ် (၈)ချက်ဖောက်၍ သတိပေးခဲ့သည်။ ယင်းသို့ သတိပေးပစ်ဖောက်ခဲ့ခြင်းကြောင့် အရပ်ဘက်ပြည်သူ တစ်စုံတစ်ဦးတစ်ယောက်မျှ ထိခိုက်သေဆုံးခြင်းမရှိခဲ့ပါ။

တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးခဲ့သည့် ရဲတပ်ကြပ်ကြီးအား နောက်ပိုင်းရက်များတွင် ဆက်လက်ရှာဖွေခဲ့သော်လည်း သွေးစွန်းနေသည့် ယူနီဖောင်း၊ ခါးပတ်၊ ဖိနပ်စသည့် သဲလွန်စအချို့တို့ကိုသာ တွေ့ရှိခဲ့ပါသည်။ တာဝန်ရှိသူများအနေဖြင့် မောင်တောမြို့၌ အစိုးရတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ဗလီဆရာများအားတွေ့ဆုံပြီး ပျောက်ဆုံးနေသော ရဲတပ်ကြပ်ကြီးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မေတ္တာရပ်ခံခဲ့ပါသည်။ ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသအာဏာပိုင်များ၊ ရဲနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ တာသာရေးခေါင်းဆောင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ UNHCR၊ OCHA ဌာနေကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့သည် ဒူချီးရားတန်းရွာမှ ရွာသူရွာသားများကို လည်းကောင်း၊ သတင်းဖော်တုတ်ရန် စစ်ဆေးမှုကိုစိုးရိမ်၍တိမ်းရှောင်လာသူများကိုလည်းကောင်း တွေ့ဆုံပြီး စုံစမ်းမေးမြန်းခဲ့ပါသည်။ ဖြေကြားချက်များအရ ယခင်ရက်များအတွင်း ဖြစ်စဉ်တစ်စုံတစ်ရာ မရှိခဲ့ကြောင်း တွေ့ရှိရသလို ပျောက်ဆုံးနေသူနှင့် ၎င်း၏လက်နက်အားလည်း မတွေ့ခဲ့ပါ။

လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများအား အတွက်တျတျ ကြုံတင်စီစဉ်ဖန်တီးကာ တိုက်ခိုက်ခဲ့သည့် ဤသို့သော အကြမ်းဖက်လုပ်ရပ်သည် ပြစ်မှုထိုက်သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်။ အကြမ်းဖက်မှုကျူးလွန်သူများတွင် ရိုဟင်ဂျာညီညွတ်ရေးအဖွဲ့ဟုခေါ်သောအဖွဲ့၌ လက်နက်ကိုင်ဆောင်မှုဆိုင်ရာသင်တန်းတက်ခဲ့သူများပါဝင်ကြောင်းသိရပြီး ယင်းတို့ကိုဖော်ထုတ်လျက် တရားဥပဒေအရ စီရင်နိုင်ရန်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖

မြန်မာ့ပင်လယ်ပြင်မှငါးမုတ်ငါးသည် ပြည်ပဈေးကွက်များတွင် မျက်နှာပန်းလှစွာ ဈေးကွက်တွင်ကျယ်နေသဖြင့် မြန်မာပင်လယ်ကမ်းခြေဒေသငါးဈေးကွက်များ၏ စူပါတန်းဝင်ပင်လယ်ငါးတစ်ကောင်ဖြစ်သည်။ ထို့ကြောင့် မြန်မာပင်လယ်ရေလုပ်သားများအနေဖြင့် စူပါတန်းဝင် ငါးမုတ်ငါးများကို အစီက ဖမ်းယူရရှိနိုင်ရေးအတွက် ငါးမုတ်ပိုကီလုပ်ငန်းများကို တ်ထွင်လုပ်ကိုင်လာခဲ့ကြရာ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် ငါးမုတ်ပိုက်လုပ်ငန်းများမှာ ပင်လယ်ရေလုပ်သားများအတွက် စီးပွားဖြစ်ပင်လယ်ရေလုပ်ငန်းတစ်ခုဖြစ်လာခဲ့သည်။

# မြန်မာ့ပင်လယ်ပြင်မှ ငါးမုတ်ငါး ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❏



မင်းသစ္စာလှိုင်(ကနုကန်)

# ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း အခန်းပေါင်း ၁၉၅၀၄ ခန်းပါဝင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၄** - ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁)နှင့် (၆၇)ရပ်ကွက် ဧရာဝဏ်လမ်း၊ ရတနာလမ်းနှင့် ကမ်းနားလမ်းအကြားတွင် ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းတည်ရှိပြီး ဧက ၂၂၀ ခန့် ကျယ်ဝန်းကာ အုတ်မြစ်အမျိုးအစားမှာ Bored Pile Foundation နှင့် အဆောက်အအုံအမျိုးအစားမှာ RC Concrete and Precast တို့ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သိရသည်။

အဆိုပါ ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းတွင် လူဦးရေ ၈၀၀၀၀ ခန့် နေထိုင်နိုင်မည်ဖြစ်ပြီး တစ်ထပ်လျှင် ၂၄ ခန်းပါဝင်သော ၁၈ ထပ်အဆောက်အအုံဖြစ်ကာ အဆောက်အအုံတစ်လုံးလျှင် အခန်း ၄၀၈ ခန်းပါဝင်ကြောင်း သိရပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍



# စာပေဗိမာန်၏ ရှေ့ခရီး

ဦးဟန်ညွန့်(ဥပဒေ)

**စာပေဗိမာန်၏နောက်ခံသမိုင်း**

စာပေဗိမာန်သည် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို အမြေခံသည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် စတင်ဖွဲ့စည်းသည်။ ၁၉၄၈ ခုနှစ်မေလတွင် ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ အဆောက်အအုံသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ မြန်မာနိုင်ငံဘာသာပြန်အသင်းအမည်ဖြင့် စတင်ခဲ့သည်။ ထို့နောက် စာပေဗိမာန်ဟု အမည်တွင်သည်။ ယနေ့တိုင်ဖြစ်သည်။

**အလင်းဆောင်အုံ**

စာပေဗိမာန်အသင်း၏ ဆောင်ပုဒ်မှာ "အမှောင်ခွင်း၍ အလင်းဆောင်အုံ့"ဖြစ်သည်။ "စာပေဗိမာန်" ဟူသော အသုံးအနှုန်း၊ အမှောင်ခွင်း၍ အလင်းဆောင်အုံ့"ဟူသော ဆောင်ပုဒ်တို့သည် ရင်ထဲစွဲနေသော စာပေ၊ လေးစားတန်ဖိုးထားအပ်သော၊ မည်သည့်အခါမှ မမေ့ရက်နိုင်သော၊ မြန်မာစာပေ ဂုဏ်ဒြပ်မြင့်မြတ်လှသော၊ အသုံးအနှုန်းဆောင်ပုဒ်များဖြစ်ပေသည်။ စတင်သုံးစွဲပြုစုခဲ့ကြကုန်သော စာပေပညာရှင်များအား မမေ့မလျော့ ချီးကျူးဂုဏ်ပြုထိုက်လှပေသည်။

**လူထုစာစဉ်များ**

စာပေဗိမာန်စတင်တည်ထောင်ခါစက လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ် စသည် စာစဉ်များ၊ စာအုပ်များ ထုတ်ဝေခဲ့သည်။ ကျောင်းနှင့်တက္ကသိုလ်များအတွက် ဘာသာရပ်ဆိုင်ရာများကို မြန်မာဘာသာဖြင့်သင်ကြားရန် ကျောင်းသုံးစာအုပ်များ၊ဘာသာပြန်ပြုစုရေး လုပ်ငန်းများအတွက် ဆောင်ရွက်ခဲ့ကြသည်။ ဝိဇ္ဇာ၊ သိပ္ပံခွဲခြားပြုစုရေးသား ထုတ်ဝေခဲ့သည်။

**မြန်မာ့စွယ်စုံကျမ်း**

၁၉၄၉ ခုနှစ်မှစ၍ မြန်မာ့စွယ်စုံကျမ်းကို ပြုစုထုတ်ဝေခဲ့သည်။ ၁၉၅၁-၅၂ ခုနှစ်တွင် နှစ်ငါးဆယ်စာစဉ်များကို ထုတ်ဝေခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် စာပေဗိမာန်မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ထို့နောက် ပြည်သူ့လက်စွဲစာစဉ် အမျိုးမျိုးထုတ်ဝေခဲ့သည်။ လူထုသိပ္ပံကျမ်းများလည်း ဆက်လက်ထုတ်ဝေသည်။

**အဖွဲ့များ**

စာတည်းလုပ်ငန်းကျယ်ပြန့်လာသည်နှင့်အညီ စီမံကိန်းအဖွဲ့၊ မြန်မာ့စွယ်စုံကျမ်းစီစဉ်ရေးအဖွဲ့၊ လူထုသိပ္ပံကျမ်း စီစဉ်ရေးအဖွဲ့၊ နိုင်ငံသမိုင်းအကြံပေးအဖွဲ့၊ ကျောင်းသုံးစာအုပ်အဖွဲ့၊ မဂ္ဂဇင်းအဖွဲ့စသည့် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ရည်ညွှန်းစာကြည့်တိုက် တည်ထောင်ခဲ့သည်။ ဝေါဟာရ ဘာသာပြန်လုပ်ငန်း ဆောင်ရွက်ခဲ့သည်။

**စာပေဗိမာန်ဆု**

၁၉၄၉ မှစ၍ "စာပေဗိမာန်ဆု" အမည်ဖြင့် စာပေဆုများ ချီးမြှင့်ခဲ့သည်။ ယဉ်ကျေးမှု ဟောပြောပွဲများလည်း ကျင်းပခဲ့သည်။ စာကြည့်တိုက်သင်တန်း၊ စာပုံနှိပ်သင်တန်း၊ သတင်းစာသင်တန်း စသည်များဖွင့်လှစ်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် စာပေဗိမာန်စာအုပ်အသင်းကို တည်ထောင်သည်။ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ကို တည်ထောင်အုပ်ချုပ်ခဲ့သည်။

**ဥပဒေဖြင့်ရုပ်သိမ်း**

၁၉၆၃ ခုနှစ် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဥပဒေကို ဥပဒေများရုပ်သိမ်းသည် ဥပဒေဖြင့် ၁၉၉၂ ခုနှစ်တွင် ရုပ်သိမ်းခဲ့သည်။ သို့ဖြစ်၍ စာပေဗိမာန်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ပေသည်။ ယခုအခါ ခေတ်စနစ်နှင့် လျော်ညီစွာ စာပေဗိမာန်အား ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရန် စီမံသုံးသပ်လျက်ရှိပေပြီ။ဆောင်ရွက်နေပေပြီ။

**လုပ်ငန်းစီမံချက်များ**

ပြန်ကြားရေးဝန်ကြီးဌာနသည် လုပ်ငန်းစီမံချက်များချမှတ်၍ စာပေဗိမာန်၏ရှေ့ခရီးကို မျှော်မှန်းသည်။ ယခင် လုပ်ငန်းအတွေ့အကြုံများအား အခြေခံ၍တိုးတက်သည်ထက်တိုးတက်အောင် ပြည်သူ့အကျိုးအဓိကမျှော်ကိုးလျက်စာပေပညာရှင်ကြီးများ၊ သုတေသီများ၊ အတွေ့အကြုံကြွယ်ဝသူများ၏ အကြံဉာဏ်များရယူကာ စီမံဆောင်ရွက်လျက်ရှိသည်။

**ဥပဒေစည်းမျဉ်းအခြေခံမည်**

စာပေဗိမာန်ကို ကိုယ်ပိုင်အဖွဲ့အစည်းအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ဆောက်ကြမည်။ ဘယ်ပုံစံတည်ဆောက်ကြမည်လဲ၊ အခြေခံလိုအပ်ချက်တွေက ဘာလဲ။ ဘယ်လိုရည်ရွယ်ချက်ထားရှိမည်လဲ။ သမိုင်းနောက်ကြောင်းနှင့်ရှေ့လုပ်ငန်းစဉ်ဘာလဲ။ မူဝါဒဘာလဲ။ ရှောင်ရန်၊ ဆောင်ရန်ဘာလဲ။ ယခင်ဥပဒေအဟောင်းကမည်သို့၊ ယခုအသစ်ရေးဆွဲမည့် ဥပဒေ၊ စည်းမျဉ်းကဘာလဲ။ ဘယ်သူတွေနှင့် အုတ်မြစ်ချမည်လဲ။ အတွေ့အကြုံကြွယ်ဝသော သုတေသီကြီးများ၊ ပညာရှင်ကြီးများ၊ အငြိမ်းစားများအား အလေးထား၍ အကြံဉာဏ်ရယူမည် စီမံချက်ကား မည်သို့မည်ပုံစသည်စသည်---။

**စာပေဗိမာန်အဖွဲ့ဥပဒေ(မူကြမ်း)ရေးဆွဲရေး**

စာပေဗိမာန်အဖွဲ့ကို ဥပဒေပြဋ္ဌာန်း၍ တည်ဆောက်ကြမည်။ ဥပဒေဖြင့် ရပ်တည်ကြမည်။ ဥပဒေဖြင့် အခိုင်အမာရပ်တည်နိုင်မှ အဖွဲ့အစည်း ရေရှည်တည်တံ့မည်။ စာပေဗိမာန်အဖွဲ့ဆိုသည်မှာ ဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်းသာဖြစ်သင့်သည်။ ဤမူသဘောကို တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများက တညီတညွတ်တည်း လက်ခံကြသည်။ စာပေဗိမာန်အဖွဲ့ကြီး ကိုယ်ပိုင်ဥပဒေစည်းမျဉ်းနှင့်အညီ ရပ်တည်နိုင်ဖို့ ဥပဒေရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်းလည်း သိရှိရပေသည်။ စာပေဗိမာန်အဖွဲ့ဥပဒေ(မူကြမ်း) ကို ပညာရှင်ကြီးများ၊ အငြိမ်းစားများ၊ တာဝန်ရှိသူများ ညှိနှိုင်းပြီး၊ ညှိနှိုင်းဆဲဖြစ်ကြောင်းပါ ဝမ်းမြောက်ဖွယ်သတင်းကြားသိရပါသည်။

> **"စာပေဗိမာန်အဖွဲ့တွင် စာတည်းမှူးချုပ်နှင့် ရုံးဝန်ထမ်းများ ခန့်ထားရေးအတွက် ထောင့်စုံမှစဉ်းစား၍ ဥပဒေစည်းမျဉ်းရေးဆွဲသင့်ပါသည်။ ဝန်ထမ်းသက်သာချောင်ချိရေး အလေးပေးသင့်ပါသည်။ ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊ ဆက်လက်တာဝန်ထမ်းဆောင်လိုသူများအတွက် အဖွဲ့အောက်တွင် ဆက်လက်ထားရှိရေး စဉ်းစားပေးသင့်ပါသည်"**

**ရည်ရွယ်ချက်များ (စဉ်းစားသင့်သော အချက်များ)**

စာပေဗိမာန်အဖွဲ့ကြီးကို မည်သည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်သင့်ပါသလဲ။ အကြမ်းအားဖြင့် ဤသို့ စဉ်းစားကြည့်မိသည်။

(၁) နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိစေမည့် စာပေ၊ ဘာသာရပ်များကို အထူးသဖြင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ (တိုင်းရင်းသား ဘာသာအပါအဝင်) ပြန်ဆိုသင့်သည်။

(၂) ခြန်မာ့ယဉ်ကျေးမှုနှင့် တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်နှင့် မြန်မာတို့၏ ဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတကာက သိရှိနားလည်ဖို့ လိုအပ်သည်။ ကမ္ဘာအနှံ့ပြန့်စေချင်သည်။ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသင့်သည်။ တိုင်းရင်းသားဘာသာမှလည်း(လိုအပ်က) အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသင့်သည်။ ကမ္ဘာ့စာအုပ်ဈေးကွက်သို့ မထိုးဖောက်သင့်ဘူးလား။ စဉ်းစားကြစေလိုသည်။

(၃) ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတိုးမြှင့်ဆောင်ရွက်နေချိန်တွင် စာပေဗိမာန်က ဘယ်ထောင့်၊ ဘယ်နေရာက ပါဝင်အားပြည့်မည်လဲ။ လူထုအသိဉာဏ်ပညာ တိုးတက်ထွန်းကားဖို့ အထောက်အကူ မပြုသင့်ဘူးလား။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ဘယ်လိုဦးတည်ချက်တွေနှင့် ပါဝင်ကူညီမည်လဲ။ စဉ်းစားသင့်သည်။

(၄) ဘာသာပြန်လုပ်ငန်းသည် အရေးကြီးသည်ထက် ကြီးလာကြောင်း လက်တွေ့ဘဝများက ထောက်ပြနေပေပြီ။ ဘာသာပြန်အလုပ်၊ ပြိုင်ပွဲ၊ သင်တန်း၊ စာတမ်းဖတ်ဖွဲ့၊ အလုပ်ရုံဆွေးနွေးပွဲများ မလုပ်သင့်ဘူးလား။ ပြည်တွင်း ပြည်ပဆက်သွယ်လုပ်စရာတွေများလှပေသည်။ ဤကားရည်ရွယ်ချက်တစ်ချက်ဖြစ်ပေသည်။

(၅) ပုံနှိပ်လုပ်ငန်း၊ အသင်းပိုင် ခေတ်မီပုံနှိပ်စက်များအသုံးပြု၍ ဝင်ငွေရရှိနိုင်သောလုပ်ငန်းကို စာပေဗိမာန်က ဦးဆောင်လုပ်ရန် စဉ်းစားသင့်သေးသည်။

(၆) အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ စေတနာရှင်ပြည်သူတို့နှင့် ပူးပေါင်း၍ စာပေဗိမာန်အဖွဲ့လုပ်ငန်းများ မည်သို့ ပူးပေါင်းဆောင်ရွက်ကြမည်လဲ။ ဘယ်လို စီမံချက်တွေ ရေးကြမည်လဲ။ အကောင်အထည်ဖော်ကြမည်လဲ။ စဉ်းစားပေးကြပါ။

(၇) ဘဏ္ဍာရေး၊ ရန်ပုံငွေ၊ ငွေကြေးကိုစုမည်သို့လည်ပတ်မည်လဲ။ ဥပဒေပြဋ္ဌာန်း၍ ဥပဒေနှင့်အညီ ငွေကြေးရပ်တည်၊ သုံးစွဲရေးဆွေးနွေးသင့်သည်။

(၈) လက်ရှိစာပေဗိမာန်ဝန်ထမ်းများအား စာပေဗိမာန်အသင်းကြီး တရားဝင်ဖွဲ့စည်းပြီးသည့် အချိန်တွင် ဌာနကူးပြောင်းရန် ရှိ မရှိ။ဝန်ထမ်းများ၏ အရေးမည်သို့အလေးပေးစဉ်းစားမည်လဲ။

(၉) အခြားထားရှိ ရေးဆွဲသင့်သော အခြေခံရည်ရွယ်ချက်များ ကျန်ဦးမည်။ မကျန်၊ မချန်စေရေး အလေးဂရုပြု အကြံပြုကြစေလိုပါ၏။

**အုပ်ချုပ်ရေးအဖွဲ့**

အုပ်ချုပ်ရေးအဖွဲ့ မည်သို့ဖွဲ့မည်လဲ။ ယခင်နမူနာဥပဒေ ပြန်လည်မတ်ရှုသုံးသပ်သင့်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်များ၊ မည်သို့သတ်မှတ်သင့်သည်။ အရည်အချင်းများ မည်သို့ထားမည် စသည်ဖြင့်။ လုပ်ပိုင်ခွင့်ကား မည်သို့၊ နာယကအဖွဲ့၊ အတိုင်ပင်ခံအဖွဲ့စသည်များရော ထားရှိဖို့ လို/မလို။ဝန်ထမ်းများကို မည်သို့ခန့်မည်လဲ၊ ရုံးအဖွဲ့ကော လိုအပ်ပါသေးသလား။

**နိုင်ငံတကာအတွေ့အကြုံများ**

စာပေဗိမာန်အဖွဲ့အတွက် ပြည်တွင်းအတွေ့အကြုံကြွယ်ဝသူများထံမှ အကြံဉာဏ်ရယူသင့်သလို ပြည်ပအတွေ့အကြုံ၊ နိုင်ငံတကာအတွေ့အကြုံကြွယ်ဝသူများထံမှလည်း ရယူသင့်ပါသည်။ လေ့လာဆည်းပူးအပ်ပါသည်။ စာတွေ့၊ လက်တွေ့ မမေ့အပ်စွာ အဖြေရှာသင့်ပါသည်။

**စာတည်းမှူးချုပ်နှင့် ရုံးဝန်ထမ်းများ**

စာပေဗိမာန်အဖွဲ့တွင် စာတည်းမှူးချုပ်နှင့် ရုံးဝန်ထမ်းများ ခန့်ထားရေးအတွက် ထောင့်စုံမှ စဉ်းစား၍ ဥပဒေစည်းမျဉ်းရေးဆွဲသင့်ပါသည်။ ဝန်ထမ်းသက်သာချောင်ချိရေး အလေးပေးသင့်ပါသည်။ ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊ ဆက်လက်တာဝန်ထမ်းဆောင်လိုသူများအတွက် အဖွဲ့အောက်တွင် ဆက်လက်ထားရှိရေး စဉ်းစားပေးသင့်ပါသည်။ လစာနှုန်းထားများ၊ ကရုဏာကြေး၊ လုပ်သက်ဆု စသည်များ၊ ဝန်ထမ်းထု၏ ဆန္ဒ၊ ရွေးချယ်မှုများအတွက် တာဝန်ရှိအကြီးအကဲမှ ဆန္ဒသဘောထားရယူခြင်း၊ ဒူးတိုက်ဆွေးနွေးခြင်းများ ဆောင်ရွက်သင့်ပါသည်။ နောင်တွင် ဝန်ထမ်းများအတွက် အိုနာစာရန်ပုံငွေ တည်ထောင်ရန် သင့်၊ မသင့်။ ဘတ်ဂျက်ရန်ပုံငွေများ မည်သို့ခွဲဝေသင့်ကြောင်း အစီအစဉ်၊ SEM GOVERNMENT ORGANIZATION ပုံစံစသည်စသည် ကြိုတင်စီမံစဉ်းစားသင့်သည်များ ရှိပေမည်။

**နေရာ၊ အဆောက်အအုံ**

အသင်းနေရာ၊ အဆောက်အအုံ၊ ပုံနှိပ်စက်၊ ဆောင်ပုဒ်အသေးစိတ်လုပ်ငန်း စီမံချက်များကို ဤဆောင်းပါးတွင် ရေးသားရန် မရည်ရွယ်ပါ။ ရေတို၊ ရေရှည် လုပ်ငန်းစဉ်များကို တာဝန်ရှိပုဂ္ဂိုလ်ကြီးများက ကြိုတင်ညှိနှိုင်းစဉ်းစားထားကြပြီးဖြစ်ပါသည်။ အစည်းအဝေးများ၊ ဆွေးနွေးပွဲများလည်းစဉ်ဆက်မပြတ် ကျင်းပပြီး ကျင်းပဆဲဖြစ်ပါသည်။ အကြံကောင်းများကိုလည်း တောင်းခံလျက်ရှိပါသည်။

**နိဂုံးအကြံပြုချက်**

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်သည့်မူဝါဒဖြင့် ပြောင်းလဲလာမည့် စာပေဗိမာန်အဖွဲ့ကြီးသည်

(၁) ဥပဒေ၊ စည်းမျဉ်းများနှင့်အည် ရေးဆွဲရပ်တည်ရေး
(၂) "အမှောင်ခွင်း၍ အလင်းဆောင်အုံ့" ဆိုသည့်စာအတိုင်း စာပေအလင်းရောင်ဖြင့် နိုင်ငံ့ဂုဏ်ဆောင်ရေး
(၃) ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ထည်ဝါရေး
(၄) ဘာသာပြန်စာပေဖြင့် အကျိုးပြုရေးစသည့် အခြေခံပြောင်းလဲမှုများကို ဖြောင့်ဖြူးသော ရှေ့ခရီးအဖြစ် ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း အကြံပြုတင်ပြအပ်ပါသည်။ စာရှုသူပြည်သူအပေါင်း၏ အကြံပြုချက်များကိုလည်း မျှော်လင့်ကြိုဆိုပါသည်။ ။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | လုပ်ငန်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | ရွှေတောင်မြို့နယ်၊ ယင်းမူကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ယင်းမူကုန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း |

တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း နှင့်စိစစ်ရွေးချယ်မည်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ (၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ညောင်ဝိုင်း (၇)လမ်းထိပ်၊ ညောင်ဝိုင်းမြောက်ဝိုင်းရပ်ကွက်၊ ပဲခူးမြို့။
တင်ဒါလျှောက်လွှာစတင်ရောင်းချမည်ရက် - ၂၅-၁-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည်ရက်/အချိန် - ၃-၂-၂၀၁၄ ရက်/၁၂း၁၁ နာရီ
တင်ဒါဖွင့်လှစ်မည်ရက်/အချိန် - ၃-၂-၂၀၁၄ ရက်/၁၃း၀၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းအမျိုးအစား၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ် အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၅၂-၂၄၀၆၄ နှင့် ၀၅၂-၂၀၀၂၄၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



## ဦးသန်းထွဋ်နှင့် အများသိစေရန်

၁၉-၁-၂၀၁၄ နှင့် ၂၃-၁-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာတွင်ဖော်ပြသော ဦးသန်းထွဋ်၁၂/အစန(နိုင်)၀၅၈၆၀၇|က ဇနီးဒေါ်ခင်ဘုန်းမြင့်နှင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း ကြော်ငြာခြင်းမှာ လုံးဝမှန်ကန်မှုမရှိကြောင်း အများသိစေရန် ဖြေရှင်းအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်ဒေါ်ခင်ဘုန်းမြင့်သည် မိမိတို့နေအိမ်တွင် သားနှစ်ဦးနှင့်အတူ မြန်မာဗုဒ္ဓဘာသာဝင် တစ်ဦးတည်းသောတရားဝင်ဇနီးတစ်ဦးအဖြစ် ပြဿနာတစ်စုံတစ်ရာမရှိဘဲ နေထိုင်လျက်ရှိပါသည်။ နောက်နောင်တွင် ဇနီးနှင့် သားနှစ်ဦး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အပြောအဆို၊ အပြုအမူများ လုံးဝမပြုလုပ်ရန် လေးနက်စွာ သတိပေးအပ်ပါကြောင်း။

**ဒေါ်ခင်တုန်းမြင့်[၉/တပတ(နိုင်)၀၀၄၇၅၂]၏ လွှဲအပ်ချက်အရ-**
**ဒေါ်နေရည်လင်း LL.B, DIL, DBL, BDS, Diploma in Global English**
**အထက်တန်းရှေ့နေ**

**ဒေါ်သက်သတ်ဝါ** | **ဒေါ်သင်းအိအိမိုင်** | **ဦးအောင်ထက်ကျော်**

**အထက်တန်းရှေ့နေများ**
**ရုံး-တိုက်(၉/၁၁)၊ အခန်း(၀၀၄)၊ မြေညီထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၀-၂၅၂၀၅၀၊ ၀၉-၇၃၀၉၉၅၀၊ ၀၉-၂၅၀၀၀၂၇၀၀**

# လှိုက်လှဲဝမ်းသာစွာဖြင့်ကျေးဇူးတင်ရှိခြင်း

(၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားများကို ၁၄- ၁- ၂၀၁၄ ရက်နေ့နှင့် ၂၀-၁- ၂၀၁၄ ရက်နေ့များတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပခဲ့ရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အာဆီယံဒေသတွင်း ပြိုင်ပွဲဝင်နိုင်ငံများမှ အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားများ၊ မီဒီယာများ၊ ဆက်ဆံရေးအရာရှိများနှင့် လုပ်အားပေးလူငယ်များ၊ ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ လာရောက်အားပေးချီးမြှင့်ကြသော မိဘပြည်သူများ၊ ဌာနဆိုင်ရာများနှင့် စစ်ဘက်/နယ်ဘက်များမှ မိသားစုများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူများအား လှိုက်လှဲဝမ်းသာစွာဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်**

RUBY
Car Rental
GOLDEN STAR

Myanmar MOBILE MONEY
anywhere
anytime
anyone

မြန်မာ့ဗိုဒိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း တောင်ဖွင့်လှစ်ပွဲ Grand Opening Ceremony အခမ်းအနား
အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ့ဗိုဒိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
စတင်ဆောင်ရွက်ပြီဖြစ်ကြောင်း အသိပေးကြေငြာခြင်း

... Chatrium Hotel ... Grand Opening Ceremony ... (Super Agent / Agent / Merchant) ... MRTV, MRTV-4, MWD, SKY NET ... Media ... Live Show ... Super Star Model Agency ... Chatrium Hotel ... MYANMAR MOBILE MONEY SERVICE ... Grand Opening Ceremony ...

မြန်မာ့ဗိုဒိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း

Safe Simple Swift

HOT LINE- 09 31001520, 09 31001521, 09 31001522, Call Centre-1212/1211

# အဝေ့ထုတ်ပြောင်းထွက်သမျှ ဝယ်ယူပေးမည်ဖြစ်၍ ဘားအံနှင့် လှိုင်းဘွဲ့တွင် ဧက ၂၀၀၀ ကျော်စိုက်မည်



ဘားအံမြို့နယ်တွင် တောင်သူများ အစေ့ထုတ်ပြောင်းမျိုး အစေ့ချနေစဉ်။

ဘားအံ၊ ဇန်နဝါရီ ၂၄

ကရင်ပြည်နယ်၊ ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ်များ၌ အစေ့ထုတ်ပြောင်းထွက်သမျှကို ဝယ်ယူမည့် ဝယ်လက်ရှိနေပြီး ဈေးကွက်ရရှိလာသောကြောင့် ပြောင်းစိုက်ဧက ၂၀၀၀ ကျော် ယခုနှစ်တွင် ဖော်ထုတ်စိုက်ပျိုးမည်ဟု တာဝန်ရှိသူများက ပြောသည်။

"ထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းတဲ့ ပြောင်းဆန်ရအောင် နည်းပညာပိုင်းကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနဲ့ စီပီကုမ္ပဏီက ကူညီမှာပါ။ ထွက်သမျှကို ဝယ်ယူပေးသွားမယ့်အပြင် ဈေးနှုန်းကိုလည်း ပေါက်ဈေးနှုန်းအတိုင်း ဝယ်ယူပေးသွားမှာပါ"ဟု စီပီကုမ္ပဏီမှ ဦးရာဇာမျိုးက ပြောသည်။

အစေ့ထုတ်ပြောင်းများကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဒေါနတောင်၏ အရှေ့ပိုင်းတွင်သာ တွင်တွင်ကျယ်ကျယ်စိုက်ပျိုးခြင်းဖြစ်ပြီး မြဝတီနယ်စပ်မှာသာ ဈေးကွက်ရှိနေကြောင်း၊ ယခုကဲ့သို့ ဒေါနတောင် အနောက်ပိုင်းတွင် ဧက ၂၀၀၀ ကျော်စိုက်ပျိုးလာနိုင်ခြင်းသည်လည်း ဝယ်မည့် ဝယ်လက်ရှိခြင်းကြောင့်သာဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်က ပြောသည်။

"အရင်က ဒေသဝမ်းစာ စဝါးလောက်ပဲ စိုက်ပျိုးပြီး တစ်သီးစားလောက် စိုက်ပျိုးတာများတယ်။ အထူးသဖြင့်တော့ ထွက်ကုန် ဈေးကွက်မရှိလို့ မစိုက်ပျိုးတာပါ။ အခု စီပီကုမ္ပဏီကလည်း အစေ့ထုတ်ပြောင်းထွက်ကုန် ဈေးကွက်မပေါ်မခြင်း ဝယ်ယူပေးသွားမယ်။ ထွက်ကုန်ဈေးကွက် ကုန်စည်ဒိုင်တွေပေါ်လာရင် ဒိုင်တွေလည်းရောင်းလို့ရသလို သူတို့ကုမ္ပဏီကိုလည်း ရောင်းလို့ရတယ်" ဟု ၎င်းက ပြောသည်။

အစေ့ထုတ်ပြောင်း တောင်သူ တစ်ဦးဖြစ်သူ ဦးကြည်စိုးက "ကျွန်တော်တို့ ဒီနှစ်မှ၁၆ ဧကလောက် စစိုက်တယ်။ ထွက်သမျှပယ်ယူမှုရှိလို့ စိုက်ပျိုးတာပါ။ ကျွန်တော်စိုက်ပျိုးတဲ့နေရာက မိုးတွင်းမှာ ရေမြုပ်နေပြီး ရေကျချိန်မှာ စပါးစိုက်ပျိုးတယ်။ စပါးပေါ်ပြီး ပြောင်းဆပ်စိုက်တယ်။ ငင်ငွေနှစ်ခုရတာပေါ့"ဟု ပြောသည်။

ပြောင်းစိုက်ပျိုးပြီး ၉၅ ရက်အတွင်း အဖူးချိုးယူနိုင်ပြီး တစ်ဧကလျှင် အနိမ့်ဆုံး ၆၅ တင်းမှ အမြင့်ဆုံး တင်း ၁၀၀ ထိ ထွက်ရှိကြောင်း၊အစေ့ထုတ်ပြောင်းသည် တိရစ္ဆာန်အစာအတွက် အဓိကကုန်ကြမ်းဖြစ်ပြီး ၎င်းနှင့် ဆက်စပ်၍ ကုန်ကြမ်းထွက်ရာဒေသ၌ တိရစ္ဆာန်အစာထုတ်စက်ရုံများ ပေါ်ပေါက်လာနိုင်သည့် အလားအလာကောင်းများရှိနေကြောင်း ဦးကြည်စိုးက ပြောသည်။

ယင်းပြောင်းမျိုးကို ရှမ်းပြည်နယ်တွင် စိုက်ပျိုးလျက်ရှိပြီး မူဆယ်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ လက်ရှိ ပြောင်းပေါက်ဈေးနှုန်းမှာ ၅၄ ပိဿာတစ်အိတ်လျှင် ကျပ် ၂၃၅၀၀ ပေါက်နေပြီး ကုန်ကြမ်းကို အဆင့် ၁၊ ၂၊ ၃ ဟု အဆင့်ခွဲခြားထားရာ ဈေးနှုန်းမှာ အဆင့် တစ်ဆင့်လျှင် ကျပ် ၅၀၀၊ ၁၀၀၀ ခန့်ကွာခြားသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ဆောင်းပြောင်းစိုက်ဧက တစ်သိန်းနီးပါးခန့်ရှိသည်။ **ကိုသက် (ဗိုလ်တထောင်)**

## သတင်းတိုများ

### တက္ကသိုလ် ဘောလုံး အသင်းရွေးချယ်မည်

မန္တလေးအဝေးသင်တက္ကသိုလ်ကိုယ်စားပြုဘောလုံးအသင်း (အမျိုး သား၊ အမျိုးသမီး)များ ဖွဲ့စည်းရန် အတွက် လူရွေးချယ်ပွဲကို ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီတွင် မန္တလေးတက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပမည်။ ပညာသင်ကြားဆဲ ကျောင်းသား/သူများသည် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သွန်းဆွေနှင့် ဒေါက်တာပင်းမြင့်ထံ ဆက်သွယ်နိုင်သည်။

**သီဟကိုကို(မန္တလေး)**

### ကျိုက်ထိုမြို့နယ်တွင် ပညာရည်ချွန်ဆုချီးမြှင့်

ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာအုပ်စု အ-မ-က (ခွဲ) ခမိတ်၏ ၂၀၁၂-၁၃ ပညာသင်နှစ်ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယခုလ ၂၂ ရက်က ကျင်းပခဲ့သည်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးရွှေအောင်က အ-မ-က(ခွဲ)မှ အ-မ-ကကျောင်းဖြစ်ရေး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောသည်။ **မြန်/ဆက်**

# မန္တလေးတိုင်းဒေသကြီးတွင် စက်သုံးဆီများကို ဆိပ်ကမ်းတွင် စစ်ဆေးပြီးမှ တင်သွင်းရောင်းချခွင့်ပြုမည်

မန္တလေး၊ ဇန်နဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ဆိပ်ကမ်းသို့ တွဲသင်္ဘောများဖြင့် ရောက်ရှိလာသော စက်သုံးဆီများကို အရည်အသွေးစစ်ဆေးပေးမည့် စက်ဖြင့်စစ်ဆေးပြီးမှသာ မြို့တွင်းရှိ အရောင်းဆိုင်များသို့ တင်သွင်းရောင်းချခွင့် ပြုမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စက်မှုနှင့်လျှပ်စစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"စက်သုံးဆီ အရည်အသွေးကောင်းဖို့လိုတာကြောင့် စစ်ဆေးပြီးမှ ဆိပ်ကမ်းကနေ အရောင်းဆိုင်တွေဆီကို သယ်ဆောင်ခွင့်ပေးမှာပါ။ လက်ရှိမှာ စစ်ဆေးတဲ့စက်က တပ်ဆင်ဖို့ လုပ်နေပြီ။ ရောင်းချတဲ့အခါ အချင်အတွယ် မှန်ကန်အောင် စစ်ဆေးမှုတွေလည်း လုပ်သွားမယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ အမေရိကန်နိုင်ငံထုတ်စက်သုံးဆီ အရည်အသွေး စစ်ဆေးမည်စက်ကို စက်သုံးဆီရေယာဉ်များ ဆိုက်ကပ်ရပ်နားမည့် ဧရာဝတီမြစ်ဆိပ်ကမ်းတွင် တပ်ဆင်ထားရှိမည်ဖြစ်ပြီး လတ်တလောတွင် ထိုသို့တပ်ဆင်သုံးစွဲနိုင်ရန်အတွက် ကျပ်သိန်းပေါင်း ၂၅၀ အကုန်အကျခံ၍ ဝယ်ယူထားခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်သုံးဆီ ဖြန့်ဖြူးရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒေသခံကားပွဲစားတစ်ဦးက "မော်ဒယ်အမြင့်ပိုင်းကားတွေက ဆီသန့်ပြီး အရည်အသွေးကောင်းဖို့လိုတယ်။ ၂၀၀၀ အောက် မော်ဒယ်တွေအတွက် သုံးတဲ့ဆီမှာ အမှုန်အမှိုက်မပါအောင် ဇကာနဲ့စစ်ပြီးသုံးရင် အဆင်ပြေလို့ အရောင်းအပယ်မှာရော၊ ဒီနိုင်ငံကလက်ရှိ ဆီရှိအခြေအနေရော အသုံးတည့်နေတာပါ။ အရည်အသွေး ကောင်းတဲ့ စံချိန်မီမာတ်ဆီ၊ ဒီဇယ်သာ ပြည်တွင်းကနေရာတိုင်းမှာ ရှိနေရင် နောက်ဆုံးမော်ဒယ်ကားတွေ စီးလာကြမှာပဲ "ဟု စက်သုံးဆီသန့်လိုအပ်ချက်ကို ကားဈေးကွက်နှင့်နှိုင်းယှဉ် ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဖွင့်လှစ်ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင် ၂၅၀ ကျော်ရှိပြီး အရည်အသွေးမကောင်းခြင်း၊ အချင်အတွယ် မပြည့်ပခြင်း၊ သတ်မှတ်စည်းကမ်းများ လိုက်နာမှုမရှိခြင်းတို့အား စစ်ဆေးတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ MDY News


တမြန်ရောင်းမည်

-1250 KVA (1000 KW) CUMINS GENSET

-500 KVA VOLVO GENSET

လွမ်းလေသမျှ

စာမျက်နှာ ၁၇ မှ

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌသည် ဗဟိုအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၁၁။ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာပန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဗဟိုလုပ်ငန်းအဖွဲ့မှ တစ်ဆင့် ဗဟိုအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက်ရယူခြင်း၊

( ခ ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ခြင်း၊

( ဂ ) ရင်းနှီးမြှုပ်နှံလိုသူ၏ ပုဒ်မ ၃၀ အရ လျှောက်ထားချက်သည် အချက်အလက်များ ပြည့်စုံပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုကြောင်းကို လျှောက်ထားသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ ပတ်ပန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ရေရရှိရေးစသည့် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) ရင်းနှီးမြှုပ်နှံသူပိုင်ဆိုင်သည့် ပစ္စည်းများ၊ အကျိုးအမြတ်များနှင့် အခြား အခွင့်အရေး များအား တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်မြင်း၊

( စ ) ရင်းနှီးမြှုပ်နှံသူ လိုက်နာရမည်အချက်များကို အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ခြင်း၊

(ဆ) အထူးစီးပွားရေးဇုန်၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံသူနှင့် ယင်းတို့၏ အလုပ်သမားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများနှင့် မိသားစုပင်များသည် နိုင်ငံခြားသားများဖြစ်ပါက ပြည်ဝင်ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့် ရရှိရေးတို့အတွက် လိုအပ်သည်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဇ ) အထူးစီးပွားရေးဇုန်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံခြားငွေလဲလှယ်ခြင်း၊ ငွေရေးကြေးရေးလုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းပြုရာတွင်လည်းကောင်း လွယ်ကူချောမွေ့စေရန် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးတည်ဆောက်သူများ၊ ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းနှင့် ယင်းတို့၏ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များအား မှတ်ပုံတင်ပြီးသော လုပ်ငန်းများကို ထိခိုက်ခြင်းမရှိစေဘဲ အခါအားလျော်စွာ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းနှင့် ပယ်ဖျက်ခြင်း၊

( ဋ ) အထူးစီးပွားရေးဇုန်အတွင်း ဆက်စပ်သည့်ဇုန်များနှင့် နေရာများ သတ်မှတ်ခြင်း၊

( ဌ ) အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ပေးခြင်း၊ ကုမ္ပဏီ မှတ်ပုံတင်ခြင်း၊ သက်ဆိုင်ရာလုပ်ငန်းနှင့်ဆိုင်သော ပြည်ပင်ဗီဇာထုတ်ပေးမြင်း၊ ပင်ရင်းဒေသလက်မှတ်ထုတ်ပေးမြင်း၊ အခွန်ကောက်ခံမှုလုပ်ငန်းဆောင်ရွက်ခြင်း၊ အလုပ်သမားပါမစ်နှင့် ခွင့်ပြုချက်ချပေးခြင်း၊ စက်ရုံတည်ဆောက်မှုအတွက် ခွင့်ပြုချက်ပေးခြင်းနှင့် အခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုမိန့်များကို ပြုလုပ်ဝေးနိုင်ရန် တစ်နေရာတည်း၌ တစုတစည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် ဌာနကို တည်ထောင်ထားရှိခြင်း၊

( ဍ ) ပုဒ်မခွဲ(ဌ) အရ တည်ထောင်ထားရှိသည့် ဌာနများကို မိမိလက်အောက်တွင် ထားရှိပြီး တိုက်ရိုက် စီမံခန့်ခွဲခြင်း၊

( ဎ ) အထူးစီးပွားရေးဇုန်၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒီဇိုင်းပုံစံများကို ပင်မစီမံကိန်းနှင့် ညီညွတ်မှုရှိမရှိ စိစစ်ခြင်း၊

(ဏ) ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်တို့တွင် လုပ်ကိုင်နိုင်သည့် လုပ်ငန်း အမျိုးအစားများ၊ လုပ်ငန်းအမျိုးအစားအလိုက် အနည်းဆုံး ရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏ၊ အနည်းဆုံးခန့်အပ်ရမည့် နိုင်ငံသား ပန်ထမ်းအရေအတွက်၊ အဆင့်မြင့်နည်းပညာများ၏ စံသတ်မှတ်ချက်များနှင့် လိုက်နာရမည့် အချက်များကို သတ်မှတ်ခြင်း၊

(တ) အထူးစီးပွားရေးဇုန်တွင် သဘာဝပတ်ပန်းကျင် ထိန်းသိမ်းကာကွယ်ရေး အတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံမှ စွန့်ထုတ်ပစ္စည်း စွန့်ပစ်ရေး စနစ်ကို စိစစ်ခြင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ဆောင်ရွက်စေခြင်း၊

(ထ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ကိုယ်စားလှယ်များ၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါပင်သော အထောက်အကူပြုအဖွဲ့ကို လိုအပ်ပါက ဖွဲ့စည်းခြင်း၊

( ဒ ) အထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ တည်ဆောက်ရေး၊ လုပ်ငန်းဆောင်ရွက်ရေး၊ ပြုပြင်မွမ်းမံထိန်းသိမ်းရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အထောက်အကူပြုအဖွဲ့၏ အကြံဉာဏ်ကို အခြေခံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်စေရန် ညွှန်ကြားခြင်းနှင့် စီမံခန့်ခွဲမှုပုံစံကို မြှုပြင်ပြောင်းလဲမြင်း၊

( ဓ ) သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် လုပ်ငန်းလည်ပတ်မှုနှင့် စီမံခန့်ခွဲမှုတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် စည်းကမ်းချက်များ ထုတ်ပြန်မြင်း၊

( န ) မြန်မာအထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူအား ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုခြင်း၊

( ပ ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့က သီးခြားတာဝန်ပေးသည့် လုပ်ငန်း တာပန်များကို ဆောင်ရွက်ခြင်း။

အခန်း (၆)

အထူးစီးပွားရေးဇုန်တည်ထောင်မြင်း

၁၂။ ဗဟိုအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါ အခြေခံရမည့်အချက်များကိုမှတည်၍ သင့်လျော်သည့် အရပ်ဒေသ သို့မဟုတ် နယ်မြေတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး အထူးစီးပွားရေးဇုန် တည်ထောင်နိုင်သည်-

(က) ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာထွက်ပေါက်ရှိခြင်း သို့မဟုတ် အမြည်ပြည်ဆိုင်ရာနယ်စပ် သို့မဟုတ် မြည်တွင်းဈေးကွက်များသို့ အလွယ်တကူ သွားလာဆက်သွယ်နိုင်ခြင်း၊

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့က ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ် သတ်မှတ်သည့် နယ်မြေမြစ်မြင်း၊

( ဂ ) အခြေခံအဆောက်အအုံလိုအပ်ချက်များတည်ရှိခြင်း သို့မဟုတ် အကောင်အထည် ဖော်ဆောင်နိုင်မည် အလားအလာရှိခြင်း၊

(ဃ) ရေအရင်းအမြစ်နှင့် လျှပ်စစ်ဓာတ်အား ရရှိနိုင်မြင်း၊

( င ) စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထူထောင်ရန် လုံလောက်သော မြေနေရာရှိခြင်း၊

( စ ) ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုအထိုက်အလျောက်ရှိသည့် အလုပ်သမားများနှင့် သင်ကြားလေ့ကျင့် ပျိုးထောင်ပေးနိုင်သော အလုပ်သမားများရရှိနိုင်မြင်း၊

(ဆ) လိုအပ်သော ကျွမ်းကျင်အလုပ်သမားများ ရရှိနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်ပေးရန် စီစဉ်ဆောင်ရွက်နိုင်မြင်း၊

( ဇ ) နိုင်ငံတော်အတွင်း လပ်းပန်းဆက်သွယ်ရေး အနေအထားအရ လည်းကောင်း၊ ဈေးကွက်နှင့်ချိတ်ဆက်နိုင်သည့် အနေအထားအရလည်းကောင်း အချက်အချာကျသည့် အရပ်ဒေသ သို့မဟုတ် နယ်မြေမြစ်မြင်း။

၁၃။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၂ ပါ အမြေခံအချက်များနှင့် ကိုက်ညီမှုမရှိသော်လည်း ဖြစ်နိုင်စွမ်းရှိပြီး နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် အကျိုးရှိမည်ဟု ယူဆပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူပြီး အထူးစီးပွားရေးဇုန်တည်ထောင်နိုင်သည်။

၁၄။ ဗဟိုအဖွဲ့သည် -

(က) ရင်းနှီးတည်ဆောက်သူကို တင်ဒါခေါ်၍ အမြည်မြည်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ နှင့်အညီ ရွေးချယ်နိုင်သည်။

( ခ ) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးတည်ဆောက်သူကို အခြားနည်းဖြင့် ရွေးချယ်မည် ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မှုနှင့် အများပြည်သူ ပါဝင်နိုင်ပြီး ပွင့်လင်းမြင်သာမှုတို့ကို ထည့်သွင်းစဉ်းစားလျက် အထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူအား ဦးစားပေးရွေးချယ်နိုင်သည်။

၁၅။ နိုင်ငံခြားသားများသည် အထူးစီးပွားရေးဇုန်အတွင်းတွင် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုသည့် မည်သည့်လုပ်ငန်းကိုမဆို ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် သော်လည်းကောင်း၊ နိုင်ငံသားဖြင့် ဖက်စပ်မြှု၍သော်လည်းကောင်း လုပ်ကိုင်နိုင်သည်။

အခန်း (၇)

ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်ဆိုင်ရာ သတ်မှတ်ချက်များ

၁၆။ အထူးစီးပွားရေးဇုန်တစ်ခုတွင် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည်-

(က) ကင်းလွတ်ဇုန် သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်ဟု သီးသန့်နယ်နိမိတ်များကို လိုအပ်သလို သတ်မှတ်ထားရှိနိုင်သည်။

( ခ ) ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်များအပြင် ဈေးကွက်လိုအပ်ချက်အရ အခြားဇုန်များကိုလည်း သတ်မှတ်နိုင်သည်။

( ဂ ) ကင်းလွတ်ဇုန် သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်ဟု၍ သီးခြားသတ်မှတ်မြင်း မရှိပါက ပို့ကုန်ဦးစားပေးလုပ်ငန်းများအား လုပ်ငန်းတစ်ခုချင်းစီအလိုက် ကင်းလွတ်ဇုန် လုပ်ငန်းဟု သတ်မှတ်နိုင်သည်။

၁၇။ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ) အရ သတ်မှတ်သော ကင်းလွတ်ဇုန်လုပ်ငန်းများသည် ကင်းလွတ်ဇုန်တွင်တည်ရှိသည့် လုပ်ငန်းများ၏ ခံစားခွင့်များအတိုင်း ရရှိမည်ဖြစ်ပြီး အထူးစီးပွားရေးဇုန်အတွင်းရှိ ကင်းလွတ်ဇုန်လုပ်ငန်းဟု သတ်မှတ်မြင်းမပြုသော အခြားလုပ်ငန်းများသည် လုပ်ငန်းမြှင့်တင်ရေး ဇုန်တွင် တည်ရှိသည့် လုပ်ငန်းများ၏ ခံစားခွင့်များအတိုင်း ရရှိနိုင်သည်။

၁၈။ အကောက်ခွန်ဦးစီးဌာနသည်-

(က) ကင်းလွတ်ဇုန်အတွင်းသို့ ပြည်ပမှ တင်သွင်းထားသည့် ကုန်ပစ္စည်းများ သို့မဟုတ် ကင်းလွတ်ဇုန်အတွင်း ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား မြည်တွင်းသို့မြစ်စေ၊ လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းသို့ဖြစ်စေ သက်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းမှုမရှိဘဲ ဝင်ရောက်မြင်းမရှိစေရန် ကာကွယ်ရမည်။

( ခ ) ကင်းလွတ်ဇုန်ကို လုံခြုံစွာ ကာရံနိုင်ရေးအတွက် ယင်းနယ်နိမိတ် လုံခြုံစေရန် ကျင့်သုံးမည့် နည်းလမ်းများနှင့် ကင်းလွတ်ဇုန်၏ ဝင်ပေါက်ထွက်ပေါက်များကို သတ်မှတ်ပေးရမည်။

( ဂ ) အထူးစီးပွားရေးဇုန်အတွင်း အကောက်ခွန်ရှင်းလင်းမှုဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာကျင့်စဉ်များနှင့်အညီ လွယ်ကူရှင်းလင်းသည့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရမည်။ လိုအပ်သည်ဟု ယူဆလျှင် အကောက်ခွန်လက်ရောက် စစ်ဆေးမြင်းကို ဆောင်ရွက်နိုင်၍ ၎င်းစစ်ဆေးမြင်းအား ရင်းနှီးမြှုပ်နှံသူ၏လုပ်ငန်းတည်ရှိသည်နေရာ၌ ပြုလုပ်ရမည်။

(ဃ) ပုဒ်မခွဲငယ်(ဂ) အရ စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက သက်ဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်နိုင်သည်။

၁၉။ အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနတို့သည် ကင်းလွတ်ဇုန်တွင် ထုတ်လုပ်သည့် ပစ္စည်းများအား မြည်တွင်းဈေးကွက် သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်သို့ သယ်ယူပို့ဆောင်မှုအတွက် အကောက်ခွန်ရှင်းလင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို သတ်မှတ်ရမည်။

၂၀။ ကင်းလွတ်ဇုန်မှ ပြည်တွင်းသို့ဖြစ်စေ၊ လုပ်ငန်းမြှင့်တင်ရေးဇုန်သို့ဖြစ်စေ သယ်ယူပို့ဆောင်သည့် ပစ္စည်းများကို ပြည်ပမှတင်သွင်းသည့် ပစ္စည်းများဟုလည်းကောင်း၊ ပြည်ပမှ ကင်းလွတ်ဇုန်အတွင်းသို့ တင်သွင်းလာသည့် ကုန်ကြမ်းပစ္စည်းများကို ကင်းလွတ်ဇုန်အတွင်း၌ ကုန်ချော သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကုန်ချောအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းသို့ဖြစ်စေ၊ လုပ်ငန်းမြှင့်တင်ရေးဇုန်သို့ဖြစ်စေ သယ်ယူပို့ဆောင်ခြင်းကို ပြည်တွင်းသို့ တင်သွင်းခြင်းဟုလည်းကောင်း မှတ်ယူရမည်။

၂၁။ ပုဒ်မ ၂၀ ပါ ပစ္စည်းများအတွက် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိပါက အကောက်ခွန်နှင့် အခြားသက်ဆိုင်ရာ အခွန်အခများကို တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရမည်။

၂၂။ ပြည်တွင်း သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်မှ ကင်းလွတ်ဇုန်သို့ သယ်ယူပို့ဆောင်သည့်ပစ္စည်းများကို နိုင်ငံတော်၏ ပို့ကုန်ပစ္စည်းများဟု မှတ်ယူရမည်။

၂၃။ ကင်းလွတ်ဇုန်တွင် တည်ရှိသော ကုန်ထုတ်လုပ်ငန်းများ သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းများသည် အမိကအားဖြင့် ပြည်ပပို့ကုန်အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖြစ်ရမည်။ ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်များ သီးခြားသတ်မှတ်ခြင်းမရှိသည့် အထူးစီးပွားရေးဇုန်တွင် ယင်းအထောက်အကူပြုလုပ်ငန်းများနှင့် ပြည်ပပို့ကုန်အားဦးတည်သည့်လုပ်ငန်းများကို ကင်းလွတ်ဇုန် လုပ်ငန်းများဟု သတ်မှတ်နိုင်သည်။

၂၄။ ကင်းလွတ်ဇုန်အတွင်းတွင် ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ်သော်လည်းကောင်း၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ်သော်လည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြား ဖက်စပ်ရင်းနှီးမြှုပ်နှံမှုအဖြစ်သော်လည်းကောင်း လုပ်ကိုင်နိုင်သည်။

၂၅။ ကင်းလွတ်ဇုန်တွင် ထုတ်လုပ်၍ ပြည်တွင်းဈေးကွက် သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်သို့ ပို့ဆောင်ရောင်းချနိုင်သည့် ကုန်ပစ္စည်းပမာဏ၏ အများဆုံးရာခိုင်နှုန်းကို နည်းဥပဒေတွင် ပြဋ္ဌာန်းနိုင်သည်။

၂၆။ အထူးစီးပွားရေးဇုန်အတွင်းမှ အခြားနိုင်ငံသို့ ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် အထူး စီးပွားရေးဇုန်ပြင်ပရှိ နယ်မြေအား ဖြတ်သန်းမည်ဆိုပါက ချိတ်ပိတ်ကုန်သေတ္တာများဖြင့် သယ်ယူ ပို့ဆောင်ရမည်။

၂၇။ လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် သော်လည်းကောင်း၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ်သော်လည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားဖက်စပ် ရင်းနှီးမြှုပ်နှံမှုအဖြစ်သော်လည်းကောင်း လုပ်ကိုင်နိုင်သည်။

၂၈။ (က) လုပ်ငန်းမြှင့်တင်ရေးဇုန်သည် ပြည်တွင်းဈေးကွက် သို့မဟုတ် အထူး စီးပွားရေးဇုန်အတွင်းရှိ ဈေးကွက်ကို အခြေခံသည့်လုပ်ငန်းများ တည်ရှိရာနေရာဖြစ်ပြီး ပြည်တွင်း ဈေးကွက်ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း၊ အိမ်ရာ၊ ကုန်တိုက်၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ကျောင်း၊ ဆေးရုံ၊ အပန်းဖြေနားနေရာ စသည့် လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံနိုင်သည့် နေရာလည်းဖြစ်သည်။

( ခ ) လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိ ကုန်ထုတ်လုပ်ငန်းများသည် အမိကအားဖြင့် ပြည်တွင်း ဈေးကွက်ကိုအခြေခံပြီး ယင်းလုပ်ငန်းများမှ တိုက်ရိုက်တင်ပို့ခြင်းနှင့် ကင်းလွတ်ဇုန်လုပ်ငန်းများသို့ တင်ပို့ရောင်းချခြင်း ပြုလုပ်နိုင်သည်။

( ဂ ) လုပ်ငန်းမြှင့်တင်ရေးဇုန် သို့မဟုတ် ကင်းလွတ်ဇုန်ဟု၍ သီးခြားသတ်မှတ်ခြင်းမရှိသည့် အထူးစီးပွားရေးဇုန်အတွင်း တည်ရှိပြီး ကင်းလွတ်ဇုန်လုပ်ငန်းမဟုတ်သော အခြားလုပ်ငန်းများအား လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများဟု မှတ်ယူရမည်။

အခန်း (၈)

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံသူ၏ တာပန်နှင့်ကင်းလွတ်ခွင့်များ

၂၉။ ရင်းနှီးမြှုပ်နှံသူသည် အထူးစီးပွားရေးဇုန်အတွင်း အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်-

(က) ကုန်ချောပစ္စည်းထုတ်လုပ်ခြင်း၊ ကုန်ပစ္စည်းအဆင့်ဆင့် ထုတ်လုပ်ခြင်း၊ ကုန်လှောင်ရုံလုပ်ငန်း လုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ပန်ဆောင်မှုပေးခြင်း၊

( ခ ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် စက်သုံးဆီများကို ပြည်တွင်းပြည်ပမှ အထူးစီးပွားရေးဇုန်အတွင်းသို့ သယ်ယူတင်သွင်းခြင်း၊

( ဂ ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့် ပစ္စည်းများအား သတ်မှတ်ချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပသို့ ကူးသန်းရောင်းပယ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ပြည်ပပန်ဆောင်မှုလုပ်ငန်းရုံးများကို အထူး စီးပွားရေး ဇုန်ရှိ သတ်မှတ်နေရာတွင် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် တည်ထောင်ဖွင့်လှစ်ခြင်း၊

( င ) နိုင်ငံတော်က တားမြစ်ထားခြင်းမရှိသော အခြားစီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း။

၃၀။ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလိုသူတစ်ဦးသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရမည်။

၃၁။ ရင်းနှီးမြှုပ်နှံသူသည် စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ထားသော ကာလအတွင်း တည်ဆောက်မှု လုပ်ငန်းများပြီးစီး၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စီးပွားဖြစ် လည်ပတ်နိုင်ရမည်။ သတ်မှတ်ထားသောကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြီးစီးနိုင်ခြင်းမရှိပါက ခိုင်လုံသော အကြောင်းပြချက်ကို စီမံခန့်ခွဲမှုကော်မတီသို့ ကြိုတင်တင်ပြရမည်။ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ကြန့်ကြာမှုရှိကြောင်း တွေ့ရှိရပါက

စာမျက်နှာ ၁၉ သို့

သွားခါးဝ ဝိပဿနာ

၂၁ ကြိမ်မြောက် ကျောင်းဆိုင်ရာ တရားပွဲ (၇) ရက်

Taxi ငှားမည်

သိမ်းပိုက်မှုဆိုင်ရာ ကြော်ငြာ

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College(NMC) နှင့်
Assumption University (ABAC)Myanmar Offshore Office တို့ပူးပေါင်း၍
Certificate in Marketing Management (CMM)
အမှတ်စဉ်(၃)သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

ပညာပါရမီ

Riao

၅ ကျပ်

ဝင်ကြေးမဲ့ ပညာရေးဆွေးနွေးပွဲ
1st Feb (Sat), 2:00-4:00 PM @ OESC Education Center
FREE Air-Ticket
FREE Tuition Fees
SCHOLARSHIP
5 SEMINAR
01-519092
09-73094060
O.E.S.C

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝေဠုအောင်(မန္တလေး)

အသက်(၈၉)နှစ်

[illegible]

[illegible]

ဝမ်းနည်းကြောင်းကြော်ငြာ

[illegible]

အထူးဝမ်းနည်းကြောင်းကြော်ငြာ

[illegible]

အထူးဝမ်းနည်းကြောင်းကြော်ငြာ

[illegible]

[illegible]

ဝမ်းနည်းကြောင်းကြော်ငြာ

[illegible]

ဝမ်းနည်းကြောင်းကြော်ငြာ

[illegible]

အထူးဝမ်းနည်းကြောင်းကြော်ငြာ

[illegible]

ကြော်ငြာနှင့် ဆက်သွယ်ရန်

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# တောင်သူလယ်သမားများအတွက် ရေရှည်အကျိုးအမြတ်သေချာသည့် သီးနှံများအား စဉ်ဆက်မပြတ်ဆက်လက်ရှာဖွေဖော်ထုတ်ဆောင်ရွက်မေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

**ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းကကျင်းပခဲ့ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် မေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားခဲ့သည်။**

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၏ **တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် ပတ်သက်သည့် လိုလားချက်များအား နိုင်ငံတော်က ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆန်စပါးအပါအဝင် ဈေးကွက်ဝင်သီးနှံများကို တစ်ဧက အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးတတ်လာစေရန် ရည်ရွယ်၍ အထွက်နှုန်းယှဉ်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ ပြိုင်ပွဲဝင် တောင်သူများသည် တစ်ဦးတည်း သို့မဟုတ် ဌာနဆိုင်ရာအလိုက် မည်သည့်စပါးမျိုးနှင့်မဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပါကြောင်း၊ တောင်သူလယ်သမားအများစု ပါဝင်ယှဉ်ပြိုင်လိုပါက ပြိုင်ပွဲဝင်(၁၀)ဧက ပြည့်မီရန် စုပေါင်း၍ ယှဉ်ပြိုင်ခွင့်ပြုထားပါသဖြင့် (၅)ဧကပြိုင်ကွက်သို့ ပြင်ဆင်ရန် အစီအစဉ်မရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ရေလုပ်သားများ၏ လုပ်ကိုင်နေထိုင်ရမှုများနှင့်ပတ်သက်၍ အလုပ်ရှင်များဘက်မှ အလုပ်သမားများ၏ပင်လယ်လုပ်ငန်းခွင် လုံခြုံမှုရှိစေရေးဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၂၄

ရေလုပ်သားများသည် မြန်မာနိုင်ငံအတွင်းနေထိုင်သူများဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ ဥပဒေအရာတွင် တန်းတူအခွင့်အရေးရရှိစေရမည်အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိပါကြောင်းဖြင့်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့တွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၏ **“ရေလုပ်သားများ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မကြာခဏ သေဆုံး၊ ပျောက်ဆုံးမှုများရှိနေသည့်အတွက် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ရေလုပ်သားများ၏ လုပ်ကိုင်နေထိုင်ရမှုများနှင့်ပတ်သက်၍ အလုပ်ရှင်များဘက်မှ အလုပ်သမားများ၏ ပင်လယ်လုပ်ငန်းခွင် လုံခြုံမှုရှိစေရေးဆောင်ရွက်ပေးခြင်း၊ ပင်လယ်ပြင်တွင် ထိခိုက်မှုနှင့် နာမကျန်းဖြစ်ပါက အမြန်ဆုံးခေါ်ယူဆေးကုသပေးခြင်း၊ ထိခိုက်နစ်နာမှုအတွက် သတ်မှတ်ထားသော နစ်နာကြေးရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ရေလုပ်သားများနှင့် ၎င်းတို့၏မိသားစုဝင်များ အဆက်အသွယ်ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ ကျန်ရစ်သူမိသားစု၏အခက်အခဲများအား ဖြေရှင်းပေးခြင်းတို့ကို အလုပ်ရှင်များဘက်မှ ဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ အလုပ်သမား လျော်ကြေးစီစစ်ရေးကော်မတီ၊ အလုပ်ရှင်များအဖွဲ့အစည်းနှင့် အလုပ်သမားများ အဖွဲ့အစည်းတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ထည့်သွင်းဖြေကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

# NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား NRC ရုပ်သံလိုင်း ထုတ်လွှင့်မှုကို အောက်တိုဘာ ၁၅ ရက်မှ စတင်ပြီး နေ့စဉ် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိနှင့် ဒုတိယအကြိမ် မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ စတင်ပြီးကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’ ဘာသာအလိုက် ထုတ်လွှင့်လျက်ရှိသည်။

NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို လေးလတစ်ကြိမ် ဘာသာအလိုက်လှည့်ကာ အချိန်ပြောင်းထုတ်လွှင့်တော့မည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ပထမအကြိမ်အဖြစ် စတင်အချိန်ပြောင်းထုတ်လွှင့်မည်ဖြစ်ရာ နံနက် ၆ နာရီမှ ၇ နာရီအထိ ကယားဘာသာအစီအစဉ်၊ ၇ နာရီမှ ၇ နာရီခွဲအထိ စကောကရင်အစီအစဉ်၊ ၇ နာရီခွဲမှ ၈ နာရီအထိ အနောက်ပိုးကရင်အစီအစဉ်၊ နံနက် ၈ နာရီမှ ၈ နာရီခွဲအထိ အရှေ့ပိုးကရင်အစီအစဉ်၊ ၈ နာရီ ခွဲမှ ၉ နာရီအထိ ချင်း (လိုင်ဇိုး) အစီအစဉ်၊ ၉ နာရီမှ ၉ နာရီခွဲအထိ ချင်း(ချိုး) အစီအစဉ်၊ ၉ နာရီခွဲမှ ၁၀ နာရီခွဲ အထိ မွန်အစီအစဉ်၊ ၁၀ နာရီခွဲမှ ၁၁ နာရီခွဲအထိ ရခိုင်အစီအစဉ်၊ ၁၁ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရှမ်းအစီအစဉ်၊ ၁၂ နာရီခွဲမှ မွန်းလွဲ ၁နာရီခွဲအထိ ‘ဝ’ အစီအစဉ်၊ မွန်းလွဲ ၁နာရီခွဲမှ ၂ နာရီခွဲအထိ ကချင်အစီအစဉ် စသည်ဖြင့် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သကင်းစဉ်)**

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ၂၀၁၄ ခုနှစ်၊ မြန်မာအထူး စီးပွားရေးဇုန် ဥပဒေကို စာမျက်နှာ ၁၇၊ ၁၈၊ ၁၉၊ ၂၀ တွင် ဖော်ပြထားပါသည်။




# ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ် ဖက်ဒါရားကိုအနိုင်ရယူကာ ဗိုလ်လုပွဲတက်

ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသော စပိန်တင်းနစ်အကျော်အမော်ရာဖေးလ်နာဒယ် သည် ဆွစ်ဇာလန်တင်းနစ်ပရော်ဖက်ရှင်နယ် ရော်ဂျာဖက်ဒဲရားအား အနိုင်ရာရှိကာ ၂၀၁၄ ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်နှင့်ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယား တို့၏ ပွဲစဉ်တွင် ရာဖေးလ်နာဒယ်က ဖက်ဒဲရားအား ၇-၆(၇-၄)၊ ၆-၃၊ ၆-၃ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အခြားဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ခုဖြစ်သည့် ဘာဒိုင်နှင့် ဝေါရင်ကာတို့၏ ပွဲစဉ်တွင်ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဝေါရင်ကာက ၆-၃၊ ၆-၇(၁-၇)၊ ၇-၆(၇-၃)၊ ၇-၆(၇-၄)ဖြင့်အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ၂၀၁၄ ဩစတြေးလျအိုးပင်တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်နှင့် ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဝေါရင်ကာတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။ **(နိုင်လင်းကြည်)**







# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးမြင့်ဆောင်-ဒေါ်စင်မြသန်းတို့၏တစ်ဦးတည်းသောသား

**ဗိုလ်ကြီးစဝ်သီဟန်**

**M.B.,B.S(D.S.M.A),M .Med.Sc(Surgery)**

**တပ်မတော်ကလေးခွဲစိတ်ကုပညာဌာန**

**အမှတ်(၁)သားဖွားမီးယပ်နှင့်တလေးဆေးရုံ(ခုတင်-၃၀၀)မင်္ဂလာဒုံ**

နှင့်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပင်လုံရိပ်မွန်နေ

ဦးကျော်ဝင်း[လက်ထောက်အင်ဂျင်နီယာ(မြို့ပြ-ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေး]-ဒေါ်ခင်ဝင်းကြည်

တို့၏တစ်ဦးတည်းသောသမီး ကိုအောင်နိုင်ဦး၊ ကိုအောင်မျိုးဦးတို့၏ညီမ

**မနှင်းအဥ္ဇလီ @ ပုံ့ပုံ့**

**B.A (Myanmar), ပင်လုံဆေးခန်းနှင့်စတိုး**

တို့၏ ၅-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းအောင်(ဒုတိယပါမောက္ခချုပ်၊တပ်မတော်ဆေးတက္ကသိုလ်) နှင့်ဇနီး ဒုတိယဗိုလ်မှူးကြီးဒေါ်အေးအေးထွန်း(မေ့ဆေးပညာဌာန၊ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော အငြိမ်းစားသံအမတ်ကြီးဗိုလ်မှူးကြီးလှမောင်(ငြိမ်း)နှင့်ဇနီးဒေါ်သန္တာခင်(MD၊ သီရိသန္တာကုမ္ပဏီ)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးကြပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများနှင့်ကော်မတီဝင်များ၊စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးများနှင့် ဂုဏ်သရေရှိမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင်ကြွရောက်နိုင်ခြင်းမရှိဘဲ မင်္ဂလာလက်ဆောင်မွန်များပေးပို့ ချီးမြှင့်ကြပါသော ရပ်ဝေး/ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊၁-၅-၂၀၁၃ရက် ပင်လုံရိပ်မွန်တွင် စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနား၌ မင်္ဂလာစကားတောင်းဆိုပြောကြားပေးပါသော သံအမတ်ကြီးဦးခင်မောင်လေး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဝင်း၊ မင်္ဂလာလက်ခံ စကားပြောကြားပေးပါသော ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ(ငြိမ်း)နှင့် ဇနီးဒေါ်ခိုင်ဝါ(ကထိက၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)တို့အားလည်းကောင်း၊ ၂၉-၁၀-၂၀၁၃ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးကျော်စာငြိမ်း(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင်စိမ်းမို့မို့နှင့်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မအိမ့်သံသာအောင်၊ မင်္ဂလာပန်းကြဲပေးပါသော မသန္တာသိမ်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဗိုလ်လဲ့လဲ့ဘိုနီ၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးဘုန်းကျော်နှင့် ဗိုလ်ကြီးရဲထက်ဇော်၊ မင်္ဂလာသတို့သမီးအရံ မော်ဒယ်သီမ့်ဇေဝါချောနှင့် မော်ဒယ် ဝိုင်းနန္ဒာလင်းတို့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော မိတ်ကပ်လင်းလင်း(Artist)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာငြိမ်းကို (Chic & Chic) Pre Wedding Photo နှင့်မင်္ဂလာအခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင် ရိုက်ကူးပေးပါသော မိုးကိုဦးနှင့်အဖွဲ့၊ အခမ်းအနားဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးပါသော Yuzana Garden Hotel မှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှကြွရောက်ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးစဝ်သီဟန်-မနှင်းအဥ္ဇလီ@ပုံ့ပုံ့**


## ပွင့်ဦး သစ်မျိုးစိုက်ခင်းနှင့်ပျိုးဥယျာဉ်

## ငှားမည်

စာသင်ခန်း(လပြတ်/အချိန်ပိုင်း)
အသင့်သင့်ရန်၊ မင်္ဂလာဒုံ
ခရေပင်လမ်း၊ သုံးရာသီမှတ်တိုင်
အနီး၊ ဝင်/ထွက်ကောင်း
ဖုန်း-၀၉ ၇၃၀၉၂၀၄၄

09-73009869
09-73013432
09-73028433

## ဆရာအောင်ပိုင် ရေးသားသော ဒုတိယမြောက်စာအုပ်
## မြန်မာ့နိုင်ငံရေး ဖဲဒင်ပေါ်တာတမ်း


## ရွှေလျှော်ရှင်ပေါ်ထိပ်မြင့်မဟာမင်္ဂလာကျေးဇူးတင်လွှာ

South San Francisco, 241, A Street

M.B.,B.S.(Ygn.)-Executive Medical Officer; Asia Royal Hospital

နှင့်

(Chairman; Hi-Speed Business Group)

President; WISDOM-Knowledge Development Consultancy

M.B.,B.S.(Ygn.)- Medical Officer; Asia Royal Hospital

Traders Hotel

Hotel Yangon


N-3

(Private and Boarder)

Ph: 01-6551095, 09-420046938




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြောက်၊ မြေကွက်အမှတ်(၁၆/က)၊ မြေကွက်တည်နေရာအမှတ်(၁၆/က)၊ လယ်ယာမြေ(၄)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဘာဝေ၊ အမည်ပေါက် နှင့်(၆၀)ဂရန်မြေအား အမည်ပေါက် (ဦးတင်ထေး) (ဖခင်)နှင့်ဒေါ်မြသိန်း (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဦးကြည်စိန်[၁၂/သကတ(နိုင်)၀၁၅၅၆၄]၊ ၂။ဦးစိန်လှိုင်[၁၂/အစန(နိုင်)၀၃၄၇၂၆]၊၃။ဒေါ်မြင့်မြင့်သန်း[၁၂/သကတ(နိုင်)၀၇၂၅၁၃]၊ ၄။ဦးငွေးဝင်း[၁၂/သကတ(နိုင်)၀၇၂၉၂၈]၊ ၅။ဒေါ်ခင်ခင်မ[၁၂/မကန(နိုင်)၁၁၈၀၀၇]၊၆။ဒေါ်စန်းစန်းငွေး[၁၂/သကတ(နိုင်)၀၇၁၁၈၉]၊ ၇။ဒေါ်လဲ့လဲ့ဝင်း[၁၂/သကတ(နိုင်)၀၁၅၄၂၀]၊ ၈။ဦးအောင်တင်သိန်း[၁၂/သကတ(နိုင်)၀၁၅၄၂၁]၊ ၉။ဦးစိုးသိန်းထေး[၁၂/သကတ(နိုင်)၁၃၃၄၃၃]တို့မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပေးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

# Happy Birthday

"ဖေဖေ ဦးမြင့်ကြည်"

၂၅-၁-၂၀၁၄ရက်တွင် ကျရောက်သော **ဖေဖေ**၏ မွေးနေ့မှသည့် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်ပြီး အေးချမ်းပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်----

**ဇနီး** - ဒေါ်မြင့်မြင့်သန်း(အထက်တန်းပြဆရာမ-ငြိမ်း၊ အထက-၃၊ ပဲခူးမြို့)

**သမီးကြီး** - ကိုညီညီအောင်(2nd Engineer , PIL Co.,Ltd.)-မရည်မွန်ဖြူ

**သားငယ်** - ဒေါက်တာနေမျိုးထွန်း-ဒေါက်တာနွေးယုဇော်

(အေးသန္တာဆေးရုံ၊ မော်လမြိုင်မြို့)


MIC
Myanmar Imperial College
နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဆိုင်ရာ Diploma, Bachelor နှင့် MBA ရယူလိုသူများအတွက်



- Diploma in Business (HND)
- Diploma in Media & Marketing (HND)
- Bachelor of Business

STUDY UK-MBA in Myanmar
MBA
edexcel
09732100001 / 537562

MBA
၂၄ နာရီ MBA
MBA မှာ သင်ခဲ့ရသမျှ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
Ph:09-5071144

နံမါတ်အနကိုကားငှားမည်
HONDA INSIGHT HYBRID
Ph:09-250651697

Prestige Centre of Management
Travel, Tourism & Hospitality



SHRM College, Singapore
English for Hotel & Catering Service
English for Business Management
Basic English Speaking
Certificate for English
Call: 01-256590, 384127, 09-428311204

ENGLISH

'SAN' ENGLISH (ထွက်ပါပြီ)
.VERB FORMS & WORDS FAMILY
.GRADE - 11 GRAMMAR (NEW)
.BASIC ENGLISH GRAMMAR (NEW)

AKK Shopping Mall
78 Hair Design
21-1-2014
Customer (300)
(Special Gift)
10000 ကျပ် နှင့် အထက် 30% off Member Card
9" Tablet , Handset, Air Cooler
30 % off (3)
21-1-2014 to 21-3-2014
S(2), 2nd Fl, AKK Shopping Mall, Tel : 01-707765, 566 080

SG

အင်္ဂလိပ်ပိုင်အဟောင်း ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၄၃၀၅၅၈၉၄

**ကဂုဏာစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှုနှင့် ကဂုဏာ ကုသိုလ်ဖြစ်ဆေးခန်းတည်ဆောက်ခြင်း ပါဝင်လှူဒါန်းနိုင်**

... Account No. 007 301 00702 898201 ...

## သာသနာရောင်ဝါထွန်းစေဖို့
# သမ္မတ နိမ္မာန်ကုန် နှင့် သင်္ကန်းတိုက် (နေပြည်တော်)
ဆိုင်သစ်ကြီးကိုအောင်မြင်စွာဖွင့်လှစ်လိုက်ပါပြီ...

## မိဂဒါဝုန် မြေမြတ်ဆုံ၌ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းစေဖို့ သာသနာ့မြေ လှူဒါန်းကြပါစို့

အိန္ဒိယနိုင်ငံ ၊ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ၊ ဗာရာဏသီမြို့ မိဂဒါဝုန်တောရှိ သံဃာ့နေရာနှင့် အစီအစဉ်တော် ဆိုရာ မြေမြတ်သည် ဘုရားအလောင်းတော် ပထမဆုံး တရားဦးဟောတော်မူရာ နေရာဖြစ်ပေသည်။ ... ထို့ကြောင့် ဤနေရာ၌ သာသနာ့မြေ လှူဒါန်းခြင်းသည် ... သာသနာပြုခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ဦးပညာဓဇ မဟာစရိယ, MA,Ph.D(Thesis)သည် စတုရန်းပေ(၂၀၄၀၀)ကျယ်ဝန်းသောနေရာအား သာသနာ့မြေ အဖြစ် ဝယ်ယူနေပါသည်။ ... သာသနာ့မြေ ဒါယကာ ၊ ဒါယိကာမ အဖြစ် ပါဝင်ကုသိုလ်ယူနိုင်ပါကြောင်း ... စတုရန်းတစ်ပေလျှင် (၁၅,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

၁။ ဆရာတော် ဦးပညာဓဇ ၊ မဟာဓာတ်ဗောဓိသာကျောင်း ၊ ဗုဒ္ဓဂယာ ၊ ဗီဟာပြည်နယ် ၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁-၉၁၀၆ ၁၀၇ ၂၂၂ ၈၊ ၇၆၀၇ ၈၆၃ ၉၆၂ ၊ pannadhaza@gmail.com

| | | |
|---|---|---|
| ၂။ | ဆရာတော်ဦးကုမာရ ၊ ... ၊ တောင်ဥက္ကလာ။ | ၀၁-၅၆၉၄၄၅ ၊ ၀၉-၈၆၃၄၃၁၀ |
| ၃။ | ဒေါ်တင်တင်ကြည် ၊ ... ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ ရန်ကုန်။ | ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄ |
| ၄။ | ဒေါ်သီတာ ၊ ... ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ မင်္ဂလာတောင်ညွန့်။ | ၀၁-၂၉၆၄၄၆ ၊ ၀၉-၅၀၀၃၅၂၂ |
| ၅။ | တိုးတိုးရတနာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ လှည်းတန်း ၊ ကမာရွတ်။ | ၀၁-၅၀၃၉၂၈၅ ၅၂၅၅၃၉ |
| ၆။ | ဗိုလ်မှူးလှိုင်မြင့်(ငြိမ်း)+ဒေါ်သင်းသင်းအေး ၊ ရန်ကုန်။ | ၀၁-၆၅၅၁၀၀၊ ၀၉-၈၆၂၀၅၆၊ ၀၉-၅၅၀၃၉၈၉ |
| ၇။ | ဦးလှဝင်း + ဒေါ်အေးသိန်း ၊ ... ၊ ပါရမီ ၊ တောင်ဥက္ကလာ။ | ၀၉-၇၃၂၈၈၈၇ ၊ ၀၉-၅၁၈၇၆၃ ၊ ၀၁-၅၆၉၁၀၇ |
| ၈။ | ဒေါ်မိုးမိုးဖ ၊ Mandalar Charm Travels & Tours ၊ ကျောက်တံတား။ | ၀၁-၂၄၂၀၂၉ ၊ ၀၁-၂၅၆၈၇၂ ၊ ၀၁-၆၄၂၃၄ |
| ၉။ | ဦးမိုင်ဘုန်း + ဒေါ်မှုမှုရီ ၊ ... ၊ တာမွေ။ | ၀၉-၅၀၃၈၈၀၂ ၊ ၀၉-၇၃၂၂၀၂၅၂ |
| ၁၀။ | ဦးမောင်မောင်စိုး + ဒေါ်လင်းမြ ၊ အင်းစိန်။ | ၀၉-၇၃၀၇၆၂၃၉ ၊ ၀၁-၇၀၇၆၀ |
| ၁၁။ | ဒေါ်အမာစိန် ၊ Air Con အပိုပစ္စည်းရောင်းဝယ်ရေး ၊ အင်းစိန်။ | ၀၁-၆၄၆၉၁၉ ၊ ၀၉-၅၁၅၀၆၅ |
| ၁၂။ | ဒေါ်ခင်အုန်းမြင့် ၊ ... ၊ ... ၊ ပေါင်။ | ၀၁-၃၇၅၃၂ ၊ ၀၉-၅၀၄၁၀၈ ၊ ၀၉-၄၂၀၇၂၈၆၄ |
| ၁၃။ | ဗိုလ်ကြီး ... (ငြိမ်း) + ဒေါ်ခင်မောင်ဝေ ... ၊ ... | ၀၁-၆၂၀၆၃၄ ၊ ၀၉-၅၀၄၀၈၀၄၄ |
| ၁၄။ | ဒေါ်တင်မိုးအေး ၊ ... ၊ ... ၊ ... | ၀၉-၅၁၀၆၈၀၄ ၊ ၀၂-၅၀၅၄၀၅၀ |
| ၁၅။ | ဒေါ်ဖြူဖြူဝေ ၊ ... ၊ ... ၊ မိတ္ထီလာ ။ | ၀၆၄-၂၃၆၁၀ ၊ ၀၉-၄၂၀၇၀၄၄၀ |
| ၁၆။ | မဥမ္မာ နှင့် ညီမများ ၊ ... ၊ ... ၊ မြင်းခြံ။ | ၀၈၅-၂၃၁၁၅ ၊ ၀၉-၂၀၄၅၂၀၅ |
| ၁၇။ | ဦးကျော်ဦး ၊ ... ၊ မိုးကောင်းမြို့။ | ၀၇၄-၄၀၅၂ ၊ ၀၉-၆၄၀၅၄၄ |
| ၁၈။ | ဒေါ်တင်တင်မော် ၊ လှိုင်သာယာမြို့။ | ၀၉-၄၂၈၀၀၁၂၉ ၊ ၀၈၃-၂၂၈၀၀ |
| ၁၉။ | ... (ငြိမ်း)+ဒေါ်ခင်မမ ၊ ... ၊ တောင်ကြီး။ | ၀၈၁-၂၁၅၆၃ ၊ ၀၉-၅၂၀၅၉၈၉ |
| ၂၀။ | ကိုမျိုးမင်းထွန်း ၊ ... ၊ ... ၊ တောင်ကြီး။ | ၀၉-၅၂၀၁၂၀ |

### ပြင်ဆင်ဖတ်ရှုပါရန်
၂၃-၁-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)ပါ ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း မောင်ကျော်ဇင်ထွန်း[၁၂/ကတတ(နိုင်)၀၂၅၅၄၀]ကြော်ငြာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### Diamond LAMP CAR Reter
မြို့တွင်း၊ မြို့ပြင်ငှားသည်။
ဖုန်း-၀၉-၄၂၀၁၃၆၀၂၇၊ ၀၁-၈၅၀၀၃၈၃

**NT** Car Rental 01 661668 09 73139320

Car Rental 09 510 6348 09 731 49969

### မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အဝေးပြေးမတောင်ပိုင်း ...
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

### မြေသီးသန့်ရောင်းမည်
ပေ(၂၀×၆၀)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက် ဂရန်မြေ(SP)၊ ကတ္တရာလမ်း။ တန်ဖိုးကျပ် သိန်းလေးရာ။
ဖုန်း-၀၉-၇၃၀၆၄၁၆၂




KYI SOE IC CERTIFICATE

Golden Arrow
Teach yourself
**Physics** vol 2

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ လိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-ဝ၊ လူနေရပ်ကွက်အမှတ်၊ တိုးချဲ့မြေကွက်အမှတ်-(၀၃၆-က၊ ၀၃၆-ခ)(၀၃၇-က၊၀၃၇-ခ)ဟုခေါ်တွင်သော (၂၀×၆၀)ပေ (၄)ကွက်တွဲ နှစ်(၆၀)ဂရန်မြေ၏ အမည်ပေါက် ဒေါ်မြင့်ဖြင့်သန်း [၁၂/ပဘတ(နိုင်)၀၂၀၉၉၃]နှင့် ဦးခင်ဇော် [၇/ ညလပ(နိုင်)၀၄၈၅၀၂]တို့ထံမှ မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူခဲ့သော ဦးမျိုးဦး[၀၄/၀ခမ(နိုင်)၀၀၀၅၂၉]က အထက်ပါမြေကွက်(၄)ကွက်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇော်မြတ်**(LL.B) | **ဒေါ်စုသန္တာဝင်း** (LL.B.,LL.M) |
| **(စဥ်-၈၅၀၉)** | **(စဥ်-၃၅၂၉၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၅)ဒုထပ်၊ မဟာဗန္ဓုလထဝန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်အောင် [၁၂/လသန(နိုင်) ၀၀၄၅၇၃] ကိုင်ဆောင်သူသည် ခရီးသွားရင်း နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပါ။ **ဖုန်း-၀၉ ၂၅၄၀၅၀၇၈၈**

## ငှားမည် (4.5L)

မြေ(၄၆'×၆၀')နှင့် အဆောက်အအုံ (၂၃'×၄၅')

Power meter (28.Hp)၊

(Line Phoneနှင့် အဝီစိတွင်းပါရှိသည်။)

ဘုရင့်နောင်ရိပ်သာအနီး၊ အင်းစိန်။

Contact-09 43096727

Dawei Beauty Travels & Tours

## ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာချက်

MYANMAR TRADEMARKS AND PATENT LAW FIRM

LCCI I,II

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ အရှေ့မှ အနောက်သို့ (၃၅ပေ)၊ တောင်မှမြောက်ဘက်တွင် (၃၀ပေ) အကျယ်အဝန်းရှိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ကျိုက်ခေါက်ထုရားလမ်း၊ အိမ်အမှတ်(၉)နှင့် ၎င်းအိမ်အရှေ့ဘက်ရှိ လူသွားလမ်း အပါအဝင် အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် အမည်ပေါက် ဦးသန်းထွန်းထံမှ အရပ်ကတ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့သော ဒေါ်ကာလီမားထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထူးရွှေအောင် [၁၂/လမတ(ဧည့်) ၀၀၀၈၃၅]သည် ၉-၀-၂၀၀၄ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ အိမ်ခြံမြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်ကျော်လှိုင်**

(LL.B, D.B.L, W.I.P.O (Switzerland)၊ **အထက်ထန်းရှေ့နေ**

**အမှတ်(၀၃၂)၊ ဝထမထပ်၊ဝန်းဆိုးတန်းထမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉ ၇၃၀၅၃၈၆၂၊ ၀၉- ၄၂၀၁၆၂၄၈၁**

## (၁၁-၉-၂၀၁၃)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ကြေညာထားသောအများသိစေရန် ကြေညာသူ ဒေါ်မြရီနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၅၉၄)နေ ဒေါ်လှကေသီဝင်း [၁၂/ကမတ(နိုင်)၀၅၄၇၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့၊ ခရေလမ်း၊ အမှတ်(၇၂)၊ မြေတိုင်းရပ်ကွက်(၄) မြေအမျိုးအစား နှစ် (၆၀) မြေငှားဂရန် စာချုပ်၊ မြေကွက်အမှတ်(၇၂) ဧရိယာအကျယ်အဝန်း (၀၈၀၀) စတုရန်းပေအလျား (၃၀)ပေ× အနံ(၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းဝင်းနှင့် ဒေါ်မြရီတို့ နှစ်ဦး ဂရန်အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ ယင်းသို့ နှစ်ဦး ဂရန်အမည်ပေါက်သည့်အလျောက် ဦးသန်းဝင်းသည် ခေါင်းရင်းဘက် အလျား (၁၅)ပေ×အနံ (၆၀)ပေနှင့် ဒေါ်မြရီသည် ခြေရင်းဘက် အလျား (၁၅)ပေ×အနံ (၆၀)ပေတို့အား အသီးသီး အညီအမျှ ခွဲဝေနေထိုင်ခဲ့ကြပြီး၊ ဒေါ်မြရီသည် ၎င်းပိုင်ဆိုင်သည့် ခြေရင်းဘက် အလျား (၁၅)ပေ×အနံ (၆၀)ပေအား ဦးသောင်းအေး [၁၂/ဥကမ(နိုင်)၀၅၃၃၉၇]ထံသို့ (၁-၁၂-၂၀၀၀) ရက်စွဲပါအိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ဦးသောင်းအေးထံမှတစ်ဆင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်လှကေသီဝင်းမှ (၂၃-၆-၂၀၀၇) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ရယူ ဝယ်ယူပိုင်ဆိုင်သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

၃။ သို့သော် လူကြီးမင်း ဒေါ်မြရီသည် မိမိကိုယ်တိုင် ဦးသောင်းအေးထံသို့ ရောင်းချခဲ့ပြီး ဦးသောင်းအေးထံမှတစ်ဆင့် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်လှကေသီဝင်းက ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်သည်ကိုသိလျက်နှင့် ၂၀၀၃ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၀)တွင် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်းမပြုရန် ကြေညာခဲ့သည်မှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှကေသီဝင်း၏ ပိုင်ရေးဆိုင်ခွင့်အား ထိပါးစော်ကားရာ ရောက်နေပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၂၀) ပါ ဒေါ်မြရီ၏ အများသိစေရန် ကြေညာအား ဤကြေညာပါသည်နေ့မှ (၇)ရက်အတွင်း အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးရန်နှင့် မရုပ်သိမ်းပေးပါက ဒေါ်မြရီအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးရဲလင်းနိုင်** (LL.B) | **ဦးသိန်းဇော်ဦး** (LL.B) |
| **အထက်တန်းရှေ့နေ (စဥ်-၃၆၄၀၉)** | **အထက်တန်းရှေ့နေ** |
| **အမှတ်(၇၁၉)၊ သန္တာ(၁၇)လမ်း၊ (င)ရပ်ကွက်၊** | **စဥ်-၂၁၇၁၆** |
| **မြောက်ဥက္ကလာပမြို့နယ်၊** | **စ/၆၂၀၊ သန္တာ(၄)လပ်း၊** |
| **ဖုန်း-၀၉- ၄၄၈၀၀၁၇၉၆** | **မြောက်ဥက္ကလာပမြို့နယ်။** |